# အနာဂတ်ခေါင်းဆောင်မှုဉာဏ်စွမ်းရည်စစ်ပွဲ

## ခေါင်းဆောင်မှု ဒဿနသစ်

အလျင်အမြန်ပြောင်းလဲနေပြီးယှဉ်ပြိုင်မှုများနေရာတကာ၌တိုးပွားနေသောကမ္ဘာကြီးတွင် မိမိ၏အဖွဲ့အစည်း ကို အလိုက်သင့် အံဝင်ဂွင်ကျဖြစ်နေရအောင် ဘယ်လိုလုပ်ရမလဲဆိုသည့် အချက်ကို သိနားလည်ခြင်း သို့မဟုတ် ထိုသို့သိနားလည်ရန် မိမိကတာဝန်ခံရခြင်းသည် ယနေ့ခေါင်းဆောင်မှု၏ ဒဿနအသစ်တစ်ခု ဖြစ်သည်။

သမရိုးကျခေါင်းဆောင်မှုသည် အဖွဲ့အစည်းကို အောင်မြင်မှုပန်းတိုင်ဆီသို့ ပဲ့ကိုင် ထိန်းကျောင်းသွားနိုင်သည်ဟုအဖွဲ့ဝင်အများ၏ယုံကြည်မှုရရှိစေပြီးလူအများထံမှအကောင်းဆုံး များထွက်ပေါ်လာအောင် ဘယ်လိုလုပ်ရမလဲ ဆိုသည့်အချက်ကို သိနားလည်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး သိရှိခဲ့ကြပြီးဖြစ်ပါသည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်နေသောအဖွဲ့အစည်းများတွင် အတော်ဆုံးခေါင်းဆောင်များသည် မိမိတို့ရရှိ နိုင်သော မြင့်မားသည့်ဉာဏ်စွမ်းရည်(talents)အမျိုးမျိုးကို မှန်ကန်စွာပိုင်းခြားစိစစ် လျက်၎င်းဉာဏ်စွမ်းရည်များကိုလိုအပ်သလို ရောစပ်ပြီး အလွန်ထူးခြားသောစွမ်းရည် ဖြစ်လာ ရအောင် ဖန်တီးနိုင်ကြသည်။ ဤနည်းဖြင့်ပင်ယှဉ်ပြိုင်မှုအမျိုးမျိုးကို အနိုင်ယူလျက်ရှိကြသည်။ ဤနည်းဖြင့်ပင် အဖွဲ့အစည်း၏ အကျိုးစီးပွားကို အိန္ဒြေရရ ဂုဏ်သိက္ခာရှိရှိ ဖော်ဆောင် နေကြ သည်။

## ဉာဏ်စွမ်းရည်ယှဉ်ပြိုင်ခြင်း

နည်းပညာသည် အလုပ်အကိုင်များ၏ သဘောသဘာဝ၊ ကျွမ်းကျင်မှုလိုအပ်ချက်နှင့် လူများပူးပေါင်း ဆောင်ရွက်ပုံနည်းစနစ်များကို ပြောင်းလဲစေခဲ့ပြီဖြစ်ပါသည်။ နိုင်ငံများတွင် ကျွမ်းကျင်လုပ်သားများကိုအလျင်အမြန် မွေးထုတ်လာကြခြင်းသည် ကမ္ဘာလုံးဆိုင်ရာ လူသား အရင်းယှဉ်ပြိုင်မှုကို အလေးအနက် ပေါ်လွင်ထင်ရှားစေပါသည်။ ယခုအခါ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည်အမေရိကန်ပြည်ထောင်စုထက်နှစ်စဉ် အင်ဂျင်နီယာနှင့်သိပ္ပံပညာရှင်လေးဆ တိုးတက်ထုတ်လုပ်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံသည် နည်းပညာဉာဏ်စွမ်းရည် အရင်းအမြစ် များပြားစွာ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ထိုပညာရှင်များထဲတွင် ဥရောပနှင့် အမေရိကန် တက္ကသိုလ်များမှအဆင့်မြင့်ဒီဂရီ ရရှိလာကြသူများ အများအပြားပါဝင်ပါသည်။ သို့ဖြစ်၍ နိုင်ငံများအချင်းချင်းသို့မဟုတ်အဖွဲ့အစည်းကြီးများ အချင်းချင်း ယှဉ်ပြိုင်ကြရာတွင် ဉာဏ်စွမ်း ရည် ယှဉ်ပြိုင်ခြင်းသည် ပင်မဝင်ရိုးသဖွယ် ဖြစ်နေပြီဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ကျွန်ုပ်တို့အဖွဲ့အစည်းအတွက် အနာဂတ်ကာလတွင် ယှဉ်ပြိုင်နိုင်စွမ်း ရှိလာစေရန်ယခုကတည်းက ဉာဏ်စွမ်းရည်အရင်းအမြစ်များ အလုံအလောက် ထုတ်ပေးနိုင်သောစွမ်းဆောင်ရည်ရှိအောင်တည်ဆောက်ရပါမည်။ ထိုသို့တည်ဆောက်ရာတွင်လက်ရှိအခြေအနေနှင့် နောင်အနှစ်နှစ်ဆယ်တွင် ရှိနေမည့် လိုအပ်ချက်များကို ရှင်းလင်းစွာသိနားလည်ပြီး အလုပ်ဌာနအမျိုးအစားအလိုက် မဟာဗျူဟာမြောက် အကောင်အထည်ဖော်ရန် လိုအပ်ပါမည်။ အလို/အပို နည်းနိုင်သမျှနည်းအောင်ထုတ်လုပ်နိုင်မှသာ ဉာဏ်အမြော်အမြင် ရှိရာကျပါမည်။ နိုင်ငံ၏အရင်းအမြစ်များကိုလည်းချွေတာခြိုးခြံရာကျပါမည်။

**အနှစ်နှစ်ဆယ်အတွက်မြင်ပြီလား**

နောက်အနှစ်နှစ်ဆယ်တွင် ပြောင်းလဲခြင်းများကို စီမံခန့်ခွဲခြင်းနှင့် ပြောင်းလဲခြင်းများနှင့်အတူ လိုက်ပါနိုင်ခြင်း သည်အလွန်အရေးကြီးပါသည်။ ခေါင်းဆောင်များအတွက် ယှဉ်ပြိုင်မှုကအလွန်ပြင်းထန်ပြီး ခက်ခဲစွာလုပ်ဆောင်ရလိမ့် မည်ဖြစ်ကြောင်းမျှော်မှန်းတွက်ဆနိုင်ပါသည်။ မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းသည် လက်ရှိအခြေအနေ နှင့် လုံးဝခြားနားသောအနာဂတ်ကာလအတွက် ကြိုတင်တွေးခေါ်ခြင်းသာဖြစ်ရပါမည်။အနာဂတ်ခေါင်းဆောင်မှုတွင်ဖွဲ့လုံ့လဖြင့် မဆုတ်မနစ်အားထုတ်ခြင်းသည် အရေးအကြီးဆုံးအင်္ဂါရပ်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အချိန်နှင့်အမျှ ကြုံတွေ့နေရမည့်အကြောင်းကိစ္စများကို ဖြေရှင်းရာတွင်စိတ်ဓါတ်ထက်သန်ပြင်းပြမှုနှင့် အင်အားစိုက်ထုတ်မှု နှစ်မျိုးလုံး ကျင့်သုံးရဖွယ်ရှိနေပါသည်။ ကမ္ဘာတစ်ဝန်းပြောင်းလဲမှုများ ဖြစ်ပေါ်လာအောင် လုပ်နိုင်ချေရှိသော အလုပ်များဖြင့်လက်အောက်ဝန်ထမ်းများကလည်း စိတ်ဓါတ်မြင့်မား နေနိုင်ပါသည်။ လူတိုင်းက ရည်မှန်းချက်အောင်မြင်ရေးထက်ဘာမျှပို၍ အရေးကြီးတာမရှိဟူသော တက်ကြွမှုဖြင့်အလုပ်လုပ်လာမှသာနောက်အနှစ်နှစ်ဆယ်ခေါင်းဆောင်မှုအတွက်အောင်မြင်မှုရရှိလိမ့်မည်ဟု ၂၀၀၈လူသားအရင်းထိပ်သီးအစည်းအဝေးတွင် အဆိုရှင် အချို့ကဆွေးနွေးခဲ့ကြသည်ကို မှတ်သားထားမိပါသည်။ ထို့ကြောင့်အနာဂတ်ခေါင်းဆောင်မှုသည် ဉာဏ်စွမ်းရည်စစ်ပွဲ၌ ပါဝင်တိုက်ပွဲဝင်ရခြင်းသာဖြစ်ပါလိမ့်မည်။

**ဉာဏ်စွမ်းရည် စီမံခန့်ခွဲမှု**

အထက်ပါအစည်းအဝေးတွင် ပညာရှင်အများစုက ယနေ့ကမ္ဘာကြီးတွင် ဉာဏ်စွမ်းရည်စစ်ပွဲကြီးစတင်နေပြီဟုဆိုပါသည်။ အနာဂတ်တွင် ဤစစ်ပွဲသည် အရှိန်လျှော့သွားမည် မဟုတ်သည့်အပြင် ပို၍သာပြင်းထန်လာဖို့ရှိသည်ဟု သေချာပေါက် ဟောကိန်းထုတ်နေကြပါသည်။ ဤစစ်ပွဲသည် ကျွန်ုပ်တို့ကို ခြွင်းချန်ထားခဲ့မည် မဟုတ်သော ကြောင့်ကျွန်ုပ်တို့ ဘာလုပ်သင့်ပါ

သလဲ၊မသိချင်ယောင်ဆောင်နေ၍မရပါ။ ဉာဏ်စွမ်းရည်စစ်ပွဲတွင် မြေစာပင်ဖြစ်သွား ရပါလိမ့်မည်။ ကိုယ်ခံအားကောင်းရမည် တိုက်ပွဲဝင်ရန်အသင့်ပြင်ဆင်ရမည်။တိုက်ပွဲဝင်မည့် တပ်သားများသည် ဉာဏ်စွမ်းရည်မြင့်မားသူ ပညာရှင်များဖြစ်ရမည်။ တိုက်ပွဲဝင်ရမည့် နယ်မြေအလိုက်အထူးကျွမ်းကျင်သူများလည်း ဖြစ်ရမည်။ ထိုတပ်သားများကို ကိုယ်တိုင်မွေးမြူမလား၊ ငှားရမ်းသုံးစွဲမလား၊ ဉာဏ်စွမ်းရည်စီမံခန့်ခွဲမှုလိုအပ်ပါသည်။

ဉာဏ်စွမ်းရည်စီမံခန့်ခွဲမှုဆိုသည်မှာ အနာဂတ်ကာလအတွက် လိုအပ်ချက်များကိုကြိုတင်မျှော်တွေးခြင်းနှင့်အဆိုပါတွေးဆချက်အရလိုအပ်လာမည့်လူသားအရင်း(ဉာဏ်စွမ်းရည်မြင့်သောပညာရှင်များ)ကို ဖြန့်ဝေပေး နိုင်မည့်စီမံကိန်းတစ်ရပ် ဖော်ဆောင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဉာဏ်စွမ်းရည်စီမံခန့်ခွဲမှုတွင် အနာဂတ်ကိုဘယ်လို ပုံစံမျိုးဖြစ်စေလိုသလဲဆိုသည့် ကြိုတင်မျှော်တွေးချက်ကအရေးအကြီးဆုံးဖြစ်ပါသည်။ မျှော်တွေးထားသည့်အတိုင်း လက်တွေ့တွင် အမှန်တကယ်ဖြစ်လာရန်ခဲယဉ်းကြောင်းကိုလည်း ကျွန်ုပ်တို့အားလုံး နားလည်ထားကြပါသည်။ သို့သော်အနာဂတ်ပုံစံအလားအလာ တစ်ခုကိုမရွေးချယ်၍မဖြစ်ပါ။ တချိန်တည်းတွင် မမျှော်မှန်းနိုင်သောအခြေအနေ အရပ်ရပ်အတွက်လည်း အသင့်ပြင်ဆင်ထားရပါမည်။

ဉာဏ်စွမ်းရည်စီမံခန့်ခွဲမှုတွင် နည်းလမ်းသုံးခုအထင်အရှားရှိသည်။ ပထမနည်းလမ်းသည် အမေရိကန်နည်းဖြစ်သည်။ နောင် ၁၀နှစ် ၁၅နှစ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေကိုမှန်းဆ၍ အမှန်အဖြစ်ယူဆပြီး ပညာရှင်များကို မွေးထုတ်ခြင်းနည်းလမ်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ အာရှနည်းဖြစ်သည်။ ဆူလွယ်နပ်လွယ်အချိန်မီအကောင် အထည်ဖော်ခြင်းမဟာဗျူဟာဖြစ်သည်။ ပြင်ပပညာရှင်များကို ငှားရမ်းအသုံးပြုခြင်း နည်းလမ်းဖြစ်သည်။ အထက်ပါနည်းလမ်းနှစ်ခု၏ အပြစ်များကိုဖြေလျှော့ထားသည့် တတိယနည်းလမ်းမှာ မွေးထုတ်ခြင်းနည်းလမ်းနှင့် ငှားရမ်း အသုံးပြုခြင်းသို့မဟုတ် ဝယ်ယူခြင်းနည်းလမ်းတို့ကို ရောစပ်ကျင့်သုံးသောနည်းလမ်းဖြစ်သည်။ပညာရှင်နှင့် ကျွမ်းကျင်သူ မွေးထုတ်သော ပထမနည်းလမ်းသည် ကုန်ကျစရိတ်သက်သာသဖြင့် ပိုမိုဆွဲဆောင်မှုရှိသော်လည်း အနာဂတ် လိုအပ်ချက်အတွက်မှန်းဆရာတွင်တိကျသေချာရန်လိုပါမည်။မဟုတ်ပါကခုတ်ရာတခြား၊ရှရာတလွဲဖြစ်မည်၊ ဒုတိယနည်းလမ်းမှာ အချိန်မကုန် ၊ ငွေပိုကုန်သော်လည်း စိတ်ကြိုက်ရွေးချယ်နိုင်သည်။ အာရှတွင် ပညာရှင်နှင့်ကျွမ်းကျင် လုပ်သားများကို ပညာရည်နှင့် ကျွမ်းကျင်မှုမြင့်တင်ရေး အတွက်ရင်းနှီးမြှုပ်နှံရာ၌ ပြဿနာရှိသည်။ လေးငါးနှစ်ခန့် သင်ကြားလေ့ကျင့်ပေးပြီးလျှင်ထိုပညာရှင်သို့မဟုတ် ကျွမ်းကျင်လုပ်သားသည် သူ့အပေါ်ရင်းနှီးမြှုပ်နှံထားမှုများကို ယူဆောင်၍ အခြားတစ်နေရာသို့ ထွက်ခွာသွားလေ့ရှိသည်။ ထိုနေရာ၌ ထိုသူသည် ပို၍လစာကောင်းကောင်းရ၏

အဘယ်ကြောင့်ဆိုသော် ထိုနေရာကသူ့အတွက် ရင်းနှီးမြှုပ်နှံမှုပြုရန်မလို သူတစ်ပါး ရင်းနှီးမြှုပ်နှံထားမှုအတွက်လျှော်ကြေးပေးရန်လည်းမလိုသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ တတိယနည်းလမ်းဖြစ်သောမွေးသင့်သလောက်လည်းမွေး၊ ဝယ်သင့်သလောက်လည်းဝယ်သောနည်းလမ်းကို ရွေးချယ်လာကြခြင်းဖြစ်ပါသည်။

**ခေါင်းဆောင်မှု ဉာဏ်စွမ်းရည်စစ်ပွဲ အောင်နိုင်ရေး**

ယနေ့အာရှတိုက်၏အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ခေါင်းဆောင်များသည် ဘွားခနဲပေါ်ပေါက်လာနေသော ခေါင်းဆောင်မှုဉာဏ်စွမ်းရည်စစ်ပွဲအတွက် အသင့်ဖြစ်နေကြပြီလား၊ လောလောဆယ်မဖြစ်သေးပါဟူ၍သာ သုံးသပ်ရရှိပါသည်။ အာရှတိုက်၏ မဟာဗျူဟာအဆင့်ခေါင်းဆောင်မှုသည် အမှတ်တမဲ့နေတတ်သူများ တုံဏှိဘာဝေ သမားများတော့မဟုတ်ကြပါ၊ သို့သော်သူတို့၏ခေါင်းဆောင်မှုသည် ဖြစ်လာမှတုန့်ပြန်ခြင်းထက်ဖြစ်အောင်အခြေအနေဖန်တီးယူလိုသော စိတ်ဆန္ဒရှိမှု ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသေးသည်ဟုဝေဖန်မှုများရှိနေပါသည်။

လာမည့် ဆယ်စုနှစ်အတွင်း အာရှတိုက်၏ မြို့ကြီးများနှင့် အဖွဲ့အစည်းကြီးများသည် အရည်အသွေးပြည့်ဝ ပြီးခိုင်မာတောင့်တင်းသောဉာဏ်စွမ်းရည် ရရှိရန်အတွက်အကြီးအကျယ်ယှဉ်ပြိုင်ကြရပါလိမ့်မည်။အချို့အဖွဲ့အစည်းများသည် ယခုအချိန်ကပင် အရန်သင့်သုံးနိုင်သောဉာဏ်စွမ်းရည် အစုအပုံကို စုစည်းလျက်ရှိကြသည်၊ ပြီးခဲ့သည့် လူသားအရင်းထိပ်သီးအစည်းအဝေးတွင် ထိုင်းဘိလပ်မြေအုပ်စု အကြီးအကဲတစ်ဦးက Harvard နှင့် Wharton တက္ကသိုလ်များမှကျောင်းဆင်း MBA ၃၃၄ ယောက် စုဆောင်းရရှိပြီးပြီဟု ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ရှေ့သို့လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် ကျွန်ုပ်တို့ကိုယ်တိုင်လည်း ဉာဏ်စွမ်းရည်စုစည်းမှုများ ပြုလုပ်ရန် အချိန်သိပ်နောက်မကျသေးဟု ထင်ပါသည်။ သို့သော်ဖြုန်းပစ်ရန်အချိန်ကသိပ်မကျန်တော့ပါ။ ခေါင်းဆောင်မှု ဉာဏ်စွမ်းရည်အကောင်းဆုံးများကိုဆွဲဆောင်ရန်သို့မဟုတ်ဖွံ့ဖြိုးတိုးတက်လာအောင်ပြုလုပ်ရန် အလုပ်ကိုစောစောပြုလုပ်နိုင်လေ၊ခေါင်းဆောင်မှုဉာဏ်စွမ်းရည်စစ်ပွဲအတွက် ခံနိုင်ရည်နှင့် အောင်နိုင်ခြေများလေဖြစ်ပါမည်။ ဆိုလိုသည်မှာဉာဏ်စွမ်းရည်အသစ်များကို စိစစ်ရန်ရွေးချယ်ရန် ငှားရမ်းရန်နှင့် လက်ဝယ်ရှိသော ဉာဏ်စွမ်းရည်အရိုင်းများကို အဆင့်မြှင့်တင် သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏အဖွဲ့အစည်းများအတွက် ဉာဏ်စွမ်းရည် လက်နက်တပ်ဆင်ပေးသွားရန် အလျင်အမြန်လိုအပ်နေပါကြောင်း ဖော်ပြလိုက်ရပေသည်။